၃။ အရှင်ဘုရား....တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ရှင်သာမဏေ၏ ဆယ်ပါးသီလကို ၃-ကြိမ်မြောက် တောင်းပါ၏၊ တပည့်တော်အား သနားသောအားဖြင့် ဆယ်ပါးသီလ ပေးတော်မူပါကုန်ဘုရား။

(က) ဆရာ။ ။ယမဟံ ဝဒါမိ၊ တံ ဝဒေဟိ။
(ရှင်လောင်းအများဖြစ်လျှင် "တံ ဝဒေထ" ဟု ဆို။)

(ခ) ရှင်လောင်း။ ။အာမ ဘန္တေ။

(ဂ) ဆရာ။ ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ဃ) ရှင်လောင်း။ ။လိုက်၍ ၃-ခေါက်ဆို။

---

## မြန်မာလို အဓိပ္ပါယ်

(က) ယမဟံ ဝဒါမိ-အကြင်စကားကို ငါဆို၏၊ တံ ဝဒေဟိ-ထိုစကားကို လိုက်၍ဆို၊ "ငါဆိုတာကို လိုက်၍ဆို"။

(ခ) အာမ ဘန္တေ=မှန်ပါအရှင်ဘုရား။

(ဂ) အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူနိုင်သော။ တဿ ဘဂဝတော၊ ထို မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။